မြန်မာ့ပညာရေးမြှင့်တင်မှု
လက်တွဲဆောင်ရွက်ရေးအဖွဲ့
Myanmar Education Consortium

# မဟာဗျူဟာမြောက် ပံ့ပိုးကူညီမှုရန်ပုံငွေ (Strategic Facilitation Fund)

မြန်မာ့ပညာရေးမြှင့်တင်မှု လက်တွဲဆောင်ရွက်ရေးအဖွဲ့ (MEC) အနေဖြင့် လက်ရှိတွင် လက်တွဲဆောင်ရွက်နေသည့် မိတ်ဖက်များ၊ အဖွဲ့အစည်းများ၊ အစုအဖွဲ့များ သို့မဟုတ် တစ်ဦးချင်းစီအား မဟာဗျူဟာမြောက်ပံ့ပိုး ကူညီမှုရန်ပုံငွေ Strategic Facilitation Fund (SFF) ကို လျှောက်ထားရန် ဖိတ်ခေါ်ပါသည်။ SFF သည် ပညာရေးကဏ္ဍစိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်သည့် မဟာဗျူဟာမြောက်လုပ်ဆောင်မှုများကို ကူညီထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။

ပံ့ပိုးပေးမည့် နယ်ပယ်များမှာ ဥပမာအားဖြင့်

- ပညာရေးဆိုင်ရာ အကျပ်အတည်းများကို တုန့်ပြန်ပံ့ပိုးနိုင်သည့် လုပ်ငန်းများ
- ကျား၊ မဆိုင်ရာတန်းတူညီမျှမှု၊ မသန်စွမ်းမှုနှင့် လူမှုရေးရာထည့်သွင်းစဉ်းစားနိုင်မှု Gender equality, disability and social inclusion (GEDSI) ကို တိုက်ရိုက်မြှင့်တင်ပေးသည့် လုပ်ငန်းများ
- ပညာရေးဆိုင်ရာအစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ဆောင်ခြင်းတွင် တာဝန်ခံမှုရှိခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းကို အထောက်အကူပြုသည့် လုပ်ငန်းများ

လုပ်ငန်းဆောင်ရွက်ပုံနည်းလမ်းများမှာ အောက်တွင် ဥပမာပေးထားသော အကြောင်းအရာများ ပါဝင်နိုင်သည်။

- သုတေသနလေ့လာချက်များ၊ အကြောင်းအရာအလိုက်စိစစ်ခြင်းနှင့် သင်ယူမှုလုပ်ငန်းစဉ်များ
- မဟာဗျူဟာမြောက်မူဝါဒ ဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် အကောင်အထည်ဖော်ဆောင်မှုအတွက် နည်းပညာဆိုင်ရာ အကူအညီရယူခြင်း
- ပါဝင်ဆောင်ရွက်သူများအနေဖြင့် မဟာဗျူဟာမြောက် အစီအစဉ်ချမှတ်ခြင်း/ မူဝါဒဖွံ့ဖြိုးတိုးတက်စေခြင်းတို့တွင် စိတ်ပါဝင်စားစွာချိတ်ဆက်မိစေရန် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်သည့် လေ့ကျင့်သင်ကြားခြင်းများ

## ရန်ပုံငွေထောက်ပံ့ခြင်း

မဟာဗျူဟာမြောက် ပံ့ပိုးကူညီမှုရန်ပုံငွေ၏ ပထမအကြိမ်တွင် အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအနေဖြင့် စီမံကိန်းတစ်ခုအတွက် အများဆုံးလျှောက်ထားနိုင်သည့် ရန်ပုံငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၂၅၀,၀၀၀ ဖြစ်ပြီး ၁၂လတာကာလအတွင်း အသုံးပြုနိုင်မည်ဖြစ်သည်။ စိတ်ပါဝင်စားသော အဖွဲ့အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအနေဖြင့် ပူးတွဲပါရှိသည့် သတ်မှတ်ထားသော လျှောက်လွှာပုံစံကို (Expression of Interest) အသုံးပြုပြီး ကျိုးကြောင်းဖော်ပြချက် (concept note) ကို မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် တင်ပြနိုင်ပါသည်။

## ကျိုးကြောင်းဖော်ပြချက် (Concept Note) အတွက် လမ်းညွှန်ချက်များ

၁။ လုပ်ငန်းဆောင်ရွက်ရန်အတွက် တင်ပြသော ကျိုးကြောင်းဖော်ပြချက် (concept note) သည် MEC ၏ ၂၀၂၁-၂၀၂၅ ကာလအတွင်း ဆောင်ရွက်မည့် မဟာဗျူဟာနှင့် ကောင်းမွန်တိကျစွာ ကိုက်ညီနေရန်လိုအပ်

ပါသည်။ MEC ၏ မဟာဗျူဟာသည် ပညာရေးလက်လှမ်းမမှီသော ကလေးငယ်များ၏ ပညာသင်ယူမှုနှင့် ဘဝ အေးချမ်းသာယာရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် ပညာရေးဝန်ဆောင်မှုများကို ရရှိစေနိုင်ရန် ရည်ရွယ်သည်။ ကလေးတိုင်း ပညာသင်ကြားခွင့် ရှိသည်။ သို့သော် မြန်မာနိုင်ငံရှိ ကလေးအများစုသည် ဘာသာစကားအခက်အခဲ၊ ကျား၊ မ ရေးရာဖြစ်တည်မှု၊ မသန်စွမ်းမှု၊ ဝေးလံခေါင်ဖျားခြင်း၊ နိုင်ငံရေး သို့မဟုတ် ဝင်ငွေစသည့် အဟန့်အတားများကြောင့် ပညာသင်ကြားခွင့် မရကြပါ။ MEC ၏ မဟာဗျူဟာသည် ဖော်ပြပါ အခက်အခဲများကို ဖော်ထုတ်ဖြေရှင်းသည့် ပညာရေးစနစ်များကို ပိုမိုအားကောင်းစေပြီး ကလေးများအနေဖြင့် ပညာရေးကို လုံလောက်ပြည့်စုံစွာ၊ သင့်လျော်မှုရှိစွာနှင့် ဘေးကင်းလုံခြုံစွာ ရယူနိုင်ရန်အတွက် ကူညီထောက်ပံ့ပေးခြင်း ဖြစ်ပါသည်။
သို့မဟုတ်
လုပ်ငန်းဆောင်ရွက်ရန်အတွက် တင်ပြသော ကျိုးကြောင်းဖော်ပြချက်တွင် နယ်စပ်ဒေသများ၏ စိတ်ဝင်စားစရာ အကြောင်းအရာများကို ရှာဖွေဖော်ထုတ်ခြင်းမှတဆင့် အဆိုပြုထားသော လုပ်ငန်းများသည် MEC ၏ မဟာဗျူဟာကို စဉ်ဆက်မပြတ် လေ့လာသုံးသပ်နိုင်ရန်အတွက် အထောက်အကူပြုကြောင်း ဖော်ပြနိုင်ရမည်။ MEC ၏ လုပ်ငန်းများသည် တည်ထောင်ထားသည့် လိုက်လျောညီထွေမှုရှိသော ပညာရေးစနစ်များနှင့် မိခင်ဘာသာစကား အခြေပြုဘာသာစကားစုံပညာရေးအတွက် ထောက်ပံ့ခြင်းကို ပိုမိုအားကောင်းစေသည့် မဟာဗျူဟာများကို ဖော်ထုတ်နိုင်သည့် ပညာရေးထောက်ပံ့သူများကို အထူးအလေးထားသည်။

၂။ လုပ်ငန်းဆောင်ရွက်ရန်အတွက် တင်ပြသော ကျိုးကြောင်းဖော်ပြချက်များသည် အခြေခံပညာရေးကို မည်သို့ အထောက်အကူပြုကြောင်း ဖော်ပြနိုင်ရန်လိုအပ်ပြီး အခြေခံပညာရေးအကြိုတွင် သို့မဟုတ် အခြေခံပညာရေး အလွန်တွင် ပံ့ပိုးပေးနိုင်မည့် မဟာဗျူဟာမြောက်လမ်းကြောင်းများအတွက် အထောက်အကူပြုရန် သက်သေပြချက်တခုကို ဖော်ထုတ်တင်ပြနိုင်ရမည်။ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေး (ECCD)၊ ကျောင်းပြင်ပကလေးများ (OOSC)၊ နည်းပညာနှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ပညာရေး (TVET) နှင့် အဆင့်မြင့်ပညာရေး (HE) တို့အတွက် အသေးစားရှေ့ပြေးလုပ်ဆောင်ချက်များ၊ စူးစမ်းချက်များ ပါဝင်ရမည်။
၃။ လုပ်ငန်းဆောင်ရွက်ရန်အတွက် တင်ပြထားသော ကျိုးကြောင်းဖော်ပြချက်တွင် လျှောက်ထားသူအနေဖြင့် လုပ်ငန်းအား အကောင်အထည်ဖော်နိုင်သည့် စွမ်းဆောင်ရည်နှင့် ကျွမ်းကျင်မှုကို သက်ဆိုင်ရာ နည်းပညာနှင့် နယ်မြေရီယာဆိုင်ရာ ဗဟုသုတ၊ အတွေ့အကြုံများ ပြည့်စုံစွာတင်ပြနိုင်ရမည်။

**ဘယ်လိုလျှောက်ထားမလဲ။**

ရန်ပုံငွေလျှောက်ထားမှုကို ၂၀၂၂ခုနှစ် ဖေဖော်ဝါရီ ၄ရက်နေ့မှ စတင်လက်ခံမည်ဖြစ်ပြီး လျှောက်ထားနိုင်သည့် ကာလကို လိုအပ်ချက်ပေါ်မူတည်၍ ဆက်လက်ဖွင့်ထားမည်ဖြစ်သည်။ စိတ်ပါဝင်စားသူများအနေဖြင့် ပူးတွဲပါရှိသည့် Expression of Interest (EOI)ကို အသုံးပြုပြီး sff@myanmareducationconsortium.org သို့ လျှောက်လွှာများ ပေးပို့လျှောက်ထားနိုင်ပါသည်။ လုပ်ငန်းဆောင်ရွက်ချက်အတွက် တင်ပြလာသည့် ကျိုးကြောင်းဖော်ပြချက်များကို ရန်ပုံငွေသတ်မှတ်ကာလအတွင်း သုံးလပတ်တစ်ခါ အကဲဖြတ်သွားမည်ဖြစ်ပြီး လျှောက်ထားမှုအောင်မြင်သူများကို MEC နှင့် ဆွေးနွေးတိုင်ပင်ပြီး အဆိုပြုလွှာ (Proposal) အပြည့်အစုံဖြည့်စွက်ရန် အကြောင်းကြားမည် ဖြစ်ပါသည်။ EOI အဆင့်တွင် ရွေးခံရခြင်းမှာ SFF ရန်ပုံငွေကို ရရှိမည်ဟု မဆိုလိုပါ။ အဆိုပြုလွှာအပြည့်အစုံ ပေါ်ထွက်လာရန်အတွက် နည်းပညာအကူအညီကို MEC မှ ထောက်ပံ့သွားမည် ဖြစ်ပါသည်။